ဦးတင်အေး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောအသင်း)

ဦးဘာဘာချို (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ)

ဦးကိုနီ (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)

First Segment

သစ်တောပြုန်းတီးမှုလို့ပြောတဲ့နေရာမှာ ပြုန်းတီးမှုပုံသဏ္ဍာန်က ၂ ပိုင်းရှိပါတယ်။ သစ်တောတွေကို ခုတ်ထွင်ရှင်
ခုတ်ထွင်ရှင်းလင်းပြီး တော့ ဆီအုန်းပင်တွေစိုက်လိုက်တာ၊ အဲ့တော့သစ်တောကနေ သစ်ပင်၊သစ်တောတွေ မရှိတော့ဘဲနဲ
မရှိတော့ဘဲနဲ့ အခြားအသုံးချမှု ကြောင့်ပြောင်းလဲသွားတာ ဒါက တစ်ချ
ဒါက တစ်ချက်ပေ့ါ။ နောက်တချက်ကတော့ သစ်တောအတန်းအစား ကျသွားတာ ဆိုပြီး ၂ ပိုင်း ရှိပါတယ်။ အဲ့ဒီလို ၂ ခုကွဲ
၂ ခုကွဲပြားတဲ့အပေါ်မှာ မူတည်ပြီးတော့ တိုင်းပြည်ရဲ့စီးပွားရေးကလည်း ကွဲပြားသွားနိုင်ပါတယ်။ FAO ကထုတ်ပြန်ခဲ့တဲ့ ၂
၂၀၁၅ ခုနှစ်ရဲ့ကိန်းဂဏန်းတွေအရ ၄၉ရာခိုင်နှုန်းလောက်တော့ ရှိသေးတယ်ပေ့ါနော်။ သို့သော် လွန်ခဲ့တဲ့ အနှစ် ၂၀ နဲ့ ၂၅
အနှစ် ၂၀ နဲ့ ၂၅ နှစ်အတွင်းမှာဘဲ ကောင်းမွန်တဲ့သစ်တောတွေက ၂၀ ရာခိုင်နှုန်းလောက် ကျသွားခဲ့တယ် ဦးတင်အေး

အများအားဖြင့်လက်ခံတာက နိုင်ငံတော်အစိုးရကနေထုတ်တယ်ဆိုရင် ဒါက တရားဝင်သစ်ဖြစ်တယ်ပေ့ါ။ တကယ်တမ်း
 တကယ်တမ်း ကျတော့ တရားဝင်သစ်ဖြစ်ဖို့ဆိုတာက စံချိန်စံညွှန်းနဲ့ မပြည့်စုံဘူးဆိုရင် အစိုးရဘဲဖြစ်ဖြစ်၊ အစိုးရမ
အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းက ဘဲ ဖြစ်ဖြစ် ဒါဆိုရင်တော့ ကျွန်တော်တို့က တရားမဝင်သစ်လို့ ခေါ်ပါတယ်။ ကျွန်တော
ကျွန်တော်တို့ အခုသဘောတင်နေတာတွေက နိုင်ငံတော်အစိုးရက သတ်မှတ်ထားတဲ့ဥပဒေအတိုင်း ပို့တာကို တ
ပို့တာကို တရားဝင်သစ်လို့ ခေါ်ပါတယ်။ ဒါပေမယ့် မှောင်ခိုသစ်တွေ ကတော့ နိုင်ငံတော်အတွက်လည်း ရသင့်သလောက်
ရသင့်သလောက် ဝင်ငွေကို မရဘူး။ နယ်စပ်မှာဆိုရင်လည်း မြန်မာပြည်ကသစ်တွေက စျေးလျော့ပြီးတော့ တရုတ်ပြည်နဲ
တရုတ်ပြည်နဲ့ ယိုးဒယားကို ရောက်နေတာတွေရှိတယ်။ သူတို့က ကျွန်တော်တို့ မြန်မာကု
မြန်မာကုန်သည်တွေ ဝယ်ရတဲ့စျေး ထက်လဲ လျော့ပြီးဝယ်ရသေးတယ်။ သူတို
သူတို့ရဲ့ ထုတ်လုပ်မှုနည်းပညာကလဲ မြင့်တဲ့အခါကျတော့ ကုန်ကြမ်းကို စျေးချိုချိုနဲ့ ရပြီး ကုန်ချောကိုတော့ စျေးပေါပေါ
စျေးပေါပေါနဲ့ ရောင်းနိုင်တာကြောင့် မြန်မာပြည်အတ
မြန်မာပြည်အတက် ကုန်ကြမ်းလဲ ဆုံးရှုံးတယ်၊ စျေးကွက်ယှဉ်ပြိုင်မှုမှာလဲ ဆုံးရှုံးနေရတယ် ဦးဘာဘာချို

တိုတိုနဲ့လိုရင်းပြောရရင်တော့ သေချာပေါက် ကျွန်တော်တို့ တရုတ်ပြည်ကို နယ်စပ်ကနေ တရားမဝင်သ
တရားမဝင်သစ်ထုတ်လုပ်မှု တွေရှိတယ်။ ဒီ့အတွက် သစ်တောဌာနက အခြားအရေးပါတဲ့ဝန်ကြီးဌာနနဲ့ ပူး
ပူးပေါင်းပြီးတော့ တက်နိုင်သလောက် ထိန်းသိမ်းကာကွယ် နိုင်အောင်တော့လုပ်နေပါတယ်။ ဒါပေမယ့် အခြေအနေအရ
ဒါပေမယ့် အခြေအနေအရ လုံးဝရပ်သွားအောင်လုပ်ဖို့က မတက်နိုင် သေးဘူး။ အဓိကကတော့
အဓိကကတော့ တရားဥပဒေစိုးမိုးမှု မရှိသေးတာပေ့ါ။ ပြီးတော့ နောက်တခါ ပွင့်ပွ

ပွင့်ပွင့်လင်းလင်းပြောရရင် သစ်တောဌာနကတော့ လက်နက်ကိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ဝန်ထမ်းတွေကတော့ လက်န
တွေကတော့ လက်နက်ကိုင်ခွင့်မရှိပါဘူး။ အဲ့ဒီလို အနေ
အနေအထားမှာ ဝန်ထမ်းတွေအနေနဲ့ သွားရောက်ဖမ်းဆီးထိန်းသိမ်းဖို့ဆိုတာကလဲ အခက်အခဲရှိပါတယ် ဦးကိုနီ

တောင်ကိုရီးယားနိုင်ငံမှာတော့ သစ်တောဌာနကို ပြည်ထဲ
ပြည်ထဲရေးလက်အောက်ဝန်ကြီးဌာနအနေနဲ့ ပြောင်းပေးလိုက်တယ်။ ဒီလိုပြော
ဒီလိုပြောင်းပေးလိုက်တဲ့အတွက် ပြည်ထဲရေးလက်အောက်မှာရှိတဲ့ ရဲတပ်ဖွဲ
ရဲတပ်ဖွဲ့အပါအဝင် ဒီလိုအဖွဲ့အစည်းတွေရဲ့ အကာ အကွယ်ကိုအပြည့်အဝရတယ်။ အဲ့လိုလုပ်လိုက်တဲ့အတွက် သစ်
သစ်တောပြန်လည်ထူထောင်တဲ့လုပ်ငန်း၊ သစ်တောတွေ ထိန်းသိ
ထိန်းသိမ်းတဲ့ လုပ်ငန်းတွေက အပြည့်အဝခံစားခွင့်ရရလိုက်တယ် ဦးတင်အေး

ကချင်ဒေသခံကုန်သည်တစ်ဦးက ကျွန်တော့်ကို ပြီးခဲ့တဲ့ ၂၀၀၀ခုနှစ်တုန်းက ဘာပြောဘူး
ဘာပြောဘူးလဲဆိုတော့ တရုတ်ပြည်ကို ရောင်
ရောင်းတာ ကျွန်တော်တို့ အကျိုးတစ်ခုခုရပါတယ်တဲ့။ ကျွန်တော်တို့ မြန်မာပြ
မြန်မာပြည်အစိုးရကိုရောင်းရင် တပြားမှမရပါဘူးတဲ့။ ကျွန်တော်လဲ တော်တော်ဘဲ စိတ်မကောင်
စိတ်မကောင်းဖြစ်သွားတယ်။ အဲ့တော့ ဒီဥစ္စာက သစ်တောရေးထက် အရေး[]
အရေးကြီးတာက နိုင်ငံရေးကဏ္ဍလည်း ဖြစ်ပါတယ် ဦးဘာဘာချို

မြန်မာနိုင်ငံမှာ လက်ရှိအနေအထားအရ သစ်တောဧရိယာ ဟက်တာ သန်း ၃၀ နီးပါးရှိပါတယ်။ ဒါက ဗီယ
ဒါက ဗီယက်နမ်နိုင်ငံရဲ့ မြေဧရိယာနဲ့အတူတူဘဲ။ ဒီလောက်ကြီးမားတဲ့ဧရိယာကို ထိန်းသိမ်းနိုင်ဖို့ဆိုတာက ကျွန်တော်တို့
ကျွန်တော်တို့အားလုံးပူးပေါင်းဆောင် ရွက်ဖို့လိုပါတယ်။ ပြီးတော့ စီးပွားရေးရှုထောင့်ကနေ ကြည့်မယ်ဆိုရင်
International Management Group က ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့ သစ်တောတွေရဲ့ ဂေဟာစနစ်တန်ဖိုးကို တွက်ချ
တွက်ချက်ခဲ့တဲ့နေရာမှာ သ
သစ်တောကနေ ရရှိတဲ့ဝန်ဆောင်မှု တန်ဖိုးက အမေရိကန်ဒေါ်လာ ၇ ဘီလီယံ တန်ဖိုးရှိတယ် ဦးကိုနီ

Second Segment

သစ်တောမူဝါဒဆိုတာက သစ်တောကြီးတစ်ခုလုံးကို စနစ်တကျစီမံခန့်ခွဲအုပ်ချုပ်ပြီးလုပ်ကိုင်တာပါ။ အဲ့ဒီ
အဲ့ဒီမှာလည်း ကဏ္ဍ အချက်ကြီး ၆ ချက်ရှိပါတယ်။ အဲ့ဒီအချက်တွေထဲမှာ သစ်
သစ်တောတွေမပြုန်းတီးအောင် ဘယ်လိုထိန်းသိမ်းကာကွယ်မလဲ၊ ဘယ်လို
ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့

စတယ့်အချက်တွေပါဝင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့သစ်တောကဏ္ဍမှာ အသုံးအနှုန်း တစ်ခုလဲ ရှိ
တစ်ခုလဲ ရှိပါတယ်။ ဒါကဘာလဲဆိုတော့ sustainable forest ပါ။ အဲ့တော့ သ
သစ်တောပြုန်းတီးခြင်းကို ထည့်သွင်းမစဉ်းစား ထားဘူးဆိုတာ မဟုတ်ပါဘူး ဦးကိုနီ

အဲ့ဒီ့မှာ သစ်တောမူဝါဒဟာ အစိုးရနဲ့လူတွေအကြားမှာရှိတဲ့နားလည်မှု ဖြစ်ရမယ်လို့ဆိုထားပါတယ်။ သစ်တောကြီးကို စီမံခ
စီမံခန့်ခွဲတဲ့နေရာ ပေ
ပေါ်လစီလုပ်တဲ့နေရာမှာတောင် ပညာရှင်တွေချည်းနဲ့လုပ်တာမျိုးမဟုတ်တော့ဘဲနဲ့ ဒေသခံပြ ဒေသခံပြည်သူ
တွေပါရမယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိအခြေအနေအရ အဲ့ဒီ့လောက်အထိတော့ ဖြစ်ဖို့ဆိုတာက အားလုံးရဲ့
capacity လည်းမြှင့်ရမယ့် သဘောတော့ ရှိတာပေ့ါ။ နောက်တချ
နောက်တချက်က မြန်မာပြည်က သစ်ကို တရားမဝင်လို့ ပိတ်တယ် ဆိုတာက သူတို့ဘာသာပြန်တဲ့နေရာမှာ မှားနေ
မှားနေတာပါ။ တကယ်တော့ ဥရောပ ၂၈
၂၈ နိုင်ငံထဲက ဝယ်တဲ့ကုမ္ပဏီနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ချိတ်ဆက်ပြီးတော့ တရားဝင်သစ်
တရားဝင်သစ်တောထွက်ပစ္စည်းဖြစ်ကြောင်း လုံလောက်တဲ့ဝိရိယအားစိုက်ထုတ်ရမယ်။ ပြီးတော့ အပြစ်ပေးတယ်ဆိုတာက
ပးတယ်ဆိုတာက ဝယ်တဲ့ကုမ္ပဏီကို အပြစ်ပေးတာ၊ မြန်မာနိုင်ငံကိုအပြစ်ပေးတာမဟုတ်ဘူး ဦးဘာဘာချို

ပရိသတ်- ဦးစောကြည်လင်း အငြိမ်းစားသစ်တောဝန်ကြီး ((သစ်တောတွေပြုန်းတီးတယ်ဆိုတာ ကျွန်တော်မြ
ကျွန်တော်မြင်တာကတော့ အချ
အချက် ၂ ချက်ဘဲရှိတယ်။ လူတွေကြောင့် ပျက်စီးတာနဲ့ နောက်တချက်က ပတ်ဝ
ပတ်ဝန်းကျင်ကြောင့် သဘာဝကြောင့် ပျက်စီးတာပါ))

ပရိသတ်- ကိုဇော်ရဲထက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ((ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ကြိုး
ကြိုးဝိုင်းတွေ အများကြီးရှိပါတယ်။ထီလုံမှာ တနေ့ကို ခြောက်ဘီးကားနဲ့ အစီး ၂၀ လောက်ဝင်နေပါတယ်))

ပရိတသတ်- ကိုခွန်မင်းအောင် ဒေသခံ ((သစ်တောတွေကို ထိန်းသိမ်းဖို့ ပြည်သူတွေ
ပြည်သူတွေလဲ အားလုံးပါဝင်ဆောင်ရွက်ဖို့လိုတယ်ပေ့ါ။ ဒီ့အတွ
ဒီ့အတွက်လဲ ပြည်သူတွေက ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ဆန္ဒရှိကြပါတယ်))

နိဂုံးအဆုံးသတ်------------------